စာစောင် ၀၂ ဖေဖော်ဝါရီ 2024

# ARAKAN

## အာရကန်ရိုဟင်ဂျာအမျိုးသားအဖွဲ့ချုပ် (ARNO)



- စိတ်ပျက်အားငယ်မှု၏ ပဲ့တင်သံ- ရိုဟင်ဂျာ အကျပ်အတည်းကို ဖြေရှင်းခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ အရေးယူဆောင်ရွက်ရန် တောင်းဆိုချက်။
- အမုန်းတရားလှုံ့ဆော်မှုများ၊ ACEHတွင်ရှိသည့် နေရပ်စွန့်ခွာ ရိုဟင်ဂျာများ၏ ဒုက္ခအကြပ်အတည်း
- ကူတူပလောင်တွင်ရှိသည့်အိမ်ခြေရာကျော် မီးလောင်ပျက်စီး လူထောင်ချီအိုးမဲ့အိမ်မဲ့ဖြစ်ရ

# ဒီပြသနာ


အယ်ဒီတာ့အာဘော်: စိတ်ပျက်အားငယ်မှု၏ ပဲ့တင်သံ- ရိုဟင်ဂျာ အကျပ်အတည်းကို ဖြေရှင်းခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ အရေးယူဆောင်ရွက်ရန် တောင်းဆိုချက်။ 02

အမုန်းတရားလှုံ့ဆော်မှုများ၊ Acehတွင်ရှိသည့် နေရပ်စွန့်ခွာ ရိုဟင်ဂျာများ၏ ဒုက္ခ အကြပ်အတည်း 04

တပ်မတော်၏ကျူးလွန်မှုကြောင့်ရိုဟင်ဂျာများ၏ နေရာများဖျက်ဆီးခံရ၊ ကပ်ဘေး သဖွယ်ဆိုးရွားသည့်လူသေနှုန်းများဖြစ်လာနိုင်သည့် စိုးရိမ်ဖွယ်ရာအခြေအနေ ရှိ 08

ရက္ခိုင့်တပ်တော် (AA) ကိုတိုက်ခိုက်ရာတွင် တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိ၍ ရိုဟင်ဂျာများ ဖမ်းဆီးခံရ 08

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏အဆင့်မြင့်ရဲတပ်ဖွဲ့မှ အာဆာအဖွဲ့နှင့်ဆက်စပ်မှုရှိသည့် ဂိုဏ်းအဖွဲ့ဝင် ၃ဦးအားဒုက္ခသည်စခန်းနားတွင် ဖမ်းဆီး 09

အာဆာအဖွဲ့မှ ဘာလုခါလီရှိရိုဟင်ဂျာအသိုင်းအဝိုင်းခေါင်းဆောင်အား သတ်ဖြတ် 09

ကူတူပလောင်တွင်ရှိသည့် အိမ်ခြေရာကျော်မီးလောင်ပျက်စီး လူထောင်ချီအိုးမဲ့အိမ်မဲ့ဖြစ်ရ 10

သတင်းထုတ်ပြန်ချက်။ ။ အမှတ် ၅ ဒုက္ခသည်စခန်းတွင်း ဇန်နဝါရီ ၇ရက်နေ့တွင် လောင်ကျွမ်းခဲ့သောမီးကြောင့် မီးဘေးသင့်ခဲ့ရသူများအတွက် အထောက်အပံ့များလိုအပ်နေ 11

ARNO မှ အမုန်းစကားနှင့် သတင်းမှားဖြန့်ခြင်းတို့အား ရပ်တန့်နိုင်မည့် ပူးပေါင်းလုပ်ဆောင်ကြိုးပမ်းမှုများကို တောင်းဆို 13

ARNO အကြောင်း 14




# အယ်ဒီတာ့အာဘော်

**စိတ်ပျက်အားငယ်မှု၏ ပဲ့တင်သံ- ရိုဟင်ဂျာ အကျပ်အတည်းကို ဖြေရှင်းခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ အရေးယူဆောင်ရွက်ရန် တောင်းဆိုချက်။**

မြန်မာနိုင်ငံ၊ရခိုင်ပြည်နယ်ရှိရိုဟင်ဂျာများအား လွှမ်းမိုးသက်ရောက်နေသော လူသားချင်းစာနာထောက်ထား မှုဆိုင်ရာအကြပ်အတည်းသည် နိုင်ငံတကာ၏ချက်ချင်းအာရုံစိုက် မှုလိုအပ်နေသည့်အကြီးအကျယ် စိုးရိမ်ထိတ်လန့်စရာဖြစ်သည့်ဖြစ်ရပ်တခုဖြစ်သည်။ နိုင်ငံသားဖြစ်မှုနှင့်အခြေခံလူ့အခွင့်အရေးများ လုယူခံရကာရိုဟင်ဂျာများသည် စနစ်တကျခွဲခြားဆက်ဆံခံရခြင်း၊ရွေ့လျားသွားလာနိုင်မှုအား ထိန်းချုပ်ခံရခြင်းနှင့်ပညာရေးနှင့်ကျန်းမာရေး ဝန်ဆောင်မှုများရရှိမှုတွင် အလွန်အမင်းအကန့်အသတ်ရှိခြင်းတို့အား ခံစားနေရပါသည်။ရိုဟင်ဂျာများအပေါ် ကျူးလွန်သည့်စက်ဆုပ်ရွံရှာဖွယ် ကြမ်းကြုတ်ရက်စက်မှုများဖြစ်စေခဲ့သည့်စစ်တပ်၏ ဆိုးရွားသည့်ဖြိုခွင်းမှုများအပြီး၂၀၁၇ ခုနှစ်အတွင်းတွင်ထိုအခြေအနေသည် ပို၍ပင်ဆုတ်ယုတ်လာခဲ့ပါသည်။ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ၊လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ ရွာများအားမီးရှို့ခြင်းများကြောင့် ထောင်သောင်းချီသောရိုဟင်ဂျာများအား နေ့အိမ်များမှဖိအားပေးစွန့်ခွာခဲ့ရကာ ထိုသို့ဆိုးရွားသော အခြေအနေရပ်များကြောင့်ဒုက္ခသည်များအဖြစ် ခိုလှုံခဲ့ကြရပါသည်။

ရိုဟင်ဂျာလူမျိုးများသည် ထိလွယ်ရှလွယ်ဖြစ်နေသည်မှာ မကြာသေးမီကပင် ဖြစ်ခဲ့ခြင်းမဟုတ်ဘဲ ခွဲခြားဆက်ဆံမှုများ ဆက်တိုက်ခံခဲ့ရခြင်း၊ အကြမ်းဖက်မှုနှင့် နေရပ်စွန့်ခွာရမှုမှ မီးမောင်းထိုးပြနေသည့် ရေရှည်ကြာမြင့်စွာ ကြုံတွေ့နေရသည့် ပြဿနာဖြစ်သည်။ လုံခြုံမှုရရှိစေနိုင်ရန်အတွက် အပူတပြင်း နည်းလမ်းရှာဖွေကြရာ ရိုဟင်ဂျာများသည် လူပြည့်သိပ်ကျပ်ကာ၊ စက်ကောင်းမွန်စွာတပ်ဆင်ထားခြင်း မရှိသော ရေယာဉ်များဖြင့် အန္တရာယ်များသော ပင်လယ်ရေကြောင်းမှ ကူးဖြတ်ခြင်းများ ပြုကြကာ ရေနစ်ခြင်း၊ အစာရေစာငတ်မွတ်ခြင်းနှင့် စာနာစိတ်ကင်းမဲ့သော လူကုန်ကူးသူများမှ ခေါင်းပုံဖြတ်ခြင်းများအား ကြုံတွေ့ကြရပါသည်။ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့သည် ထိုသောကပတ်လည်ဝိုင်းနေသော ရိုဟင်ဂျာများအတွက် ခိုလှုံရာနေရာများ ဖြစ်လာခဲ့ပါသည်။

ထိုသို့ရိုဟင်ဂျာများ ပင်လယ်ပြင်တွင် ဒုက္ခများမချိမဆံ့ ခံစားကြရကာကျော်ဖြတ်ရန်ကြိုးစားနေကြခြင်းသည် ဖိနှိပ်ခြင်းများအား ကိုင်တွယ်ဖြေရှင်းရန်နှင့် ထိုသူများ၏အခြေခံလူ့အခွင့်အရေးများအား မြှင့်တင်နိုင်ရန် အဘက်ဘက်က ပြည့်စုံသော လူသားချင်းစာနာမှုရှိသော မဟာဗျူဟာ တရပ်အရေးပေါ်လိုအပ်နေခြင်းကို မီးမောင်းထိုးပြနေပါသည်။

ရိုဟင်ဂျာများသည်လူမျိုးရေးနှင့် ဘာသာရေးပဋိပက္ခများအကြား မကြာခဏဆိုသလိုမြေစာပင်ဖြစ် ကြရသောကြောင့်ထိုသို့အကာအကွယ်မဲ့ခြင်းသည်ပို၍ပင် ဆိုးရွားလာပါသည်။နိုင်ငံတကာ လူ့အဖွဲ့အစည်းမှထိုသို့လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်၍ကြမ်းကြုတ်ရက်စက်မှုများအား ကန့်ကွက်ကြောင်းနှုတ်ဖြင့် ပြောကြားခဲ့ခြင်းများရှိခဲ့ပြီးဖြစ်သော်လည်း ရိုဟင်ဂျာများအားအကာအကွယ်ပေးရန်နှင့် ကျူးလွန်သူများအားတာဝန်ခံမှုရှိစေရန်အတွက် လက်ဆုပ်လက်ကိုင်ပြနိုင်သောဆောင်ရွက်ချက်များမှာ လုံလုံလောက်လောက်မရှိသေးပေ။ရိုဟင်ဂျာများအကြား မိမိကိုယ်ကိုကာကွယ်နိုင်မည့် ယန္တရားများမရှိခြင်းသည်၎င်းတို့ကြုံနေရသည့် ဒုက္ခအားပိုမိုရှည်ကြာစေကာ တစစ ပို၍ဆိုးရွားလာစေပါသည်။ထိုသို့သော တကယ့်ဖြစ်စဉ်များသည်လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့များပင်မဟုတ်ပဲရိုဟင်ဂျာများ ကြုံတွေ့နေရသည့်နိုင်ငံရေး၊ တရားဥပဒေရေးရာနှင့်လုံခြုံရေး အဟန့်အတားများအထိတိုးချဲ့ပံ့ပိုးနိုင်သည့် ခိုင်မာပြီးထိရောက်မှုရှိသော နိုင်ငံတကာကြားဝင်မှုတရပ်လိုအပ်သည်ကိုထင်ရှားစေသည်။

ထို့အပြင်ထိုအကြပ်အတည်းသည် သမိုင်းကြောင်း၊လူမျိုးနှင့် ဘာသာရေးကွာဟမှုများ၊ ခွဲခြားဆက်ဆံသောမူဝါဒများ၊ စစ်တပ်စိုးမိုးမှု၊နှင့် ရှုပ်ထွေးသည့်နိုင်ငံတကာဖြစ်ရပ်များနှင့် ထိုအရာအားလုံးတို့ စုပေါင်း၍ဖြစ်တည်လာသည့် တရားမမျှတမှုနှင့်ဖယ်ကျဉ်ထားခြင်းတို့ ကျူးလွန်ခြင်းများမှအမြစ်တွယ်လာသည့် ပါဝါအာဏာမညီမျှခြင်းများကြောင့်ပို၍နက်ရှိုင်းလာပါသည်။ အဘက်ဘက်ကပြည့်စုံသော၊ညှိနိုင်းမှုရှိသော နိုင်ငံတကာတုံ့ပြန်မှုတရပ်သည်အလွန်အရေးကြီးပါသည်။ အစိုးရများ၊လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများသည်ထိုပဋိပက္ခ၏ အရင်းတည်လာသည့်အကြောင်းများအား စုပေါင်းအားဖြင့် ကိုင်တွယ်ဖြေရှင်းခြင်း၊ဒုက္ခခံစားနေရသူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့ခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန် ဆောင်ရွက်ခြင်းတို့ဆောင်ရွက်ရမည်။

ထို့အပြင်ရိုဟင်ဂျာတို့၏ အခွင့်အရေးများနှင့်သိက္ခာတို့ကိုရပ်တည်ကာကွယ်ပေးခြင်းသည်လည်း အထူးအရေးကြီးပါသည်။ ရပ်တည်ကာကွယ်ပေးခြင်းဟုဆိုရာတွင်၎င်းတို့၏ လူမျိုးနှင့်နိုင်ငံသားဖြစ်မှုအခွင့်အရေးများအတွက် ရပ်တည်တောင်းဆိုပေးခြင်းနှင့်လူ့အခွင့်အရေးကာကွယ်ပေးခြင်းများအားမြှင့်တင်ခြင်းများ ပါဝင်သည်။နေရပ်စွန့်ခွာခဲ့ရသည့် ရိုဟင်ဂျာများ၏လုံခြုံရေးနှင့် ကျန်းမာဖူလုံရေးတို့အားအာမခံသည့် အခြေအနေများလိုက်နာဖြည့်ဆည်း၍ ၎င်းတို့၏နေရပ်များသို့လုံခြုံစွာနှင့် ၎င်းတို့ဆန္ဒအလျောက်ပြန်နိုင်ရန်အတွက် ဆောင်ရွက်ပေးနိုင်ရန်ရေးရှူ့သည့် ကနဦးလုပ်ငန်းများ ဆောင်ရွက်သင့်သည်။

နိဂုံးချုပ်ရသော်ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများ၏ဒုက္ခအကြပ်အတည်းသည် ကမ္ဘာလူ့အဖွဲ့အစည်းအတွက်လူ့အခွင့်အရေး၊ တရားမျှတမှုနှင့်ထိုလူသားချင်းစာနာမှုဆိုင်ရာ ကပ်ဘေးကိုဖြေရှင်းနိုင်မည့် ရေရှည်တည်တံ့သောအဖြေရှာရန်အတွက် ပဓာနထားရန်တိုက်ပွဲခေါ်သံဖြစ်သည်။ ရိုဟင်ဂျာများအကာအကွယ်မဲ့ဖြစ်နေမှုကို နိုင်ငံတကာလူ့အဖွဲ့အစည်းမှလျစ်လျူရှုထားခြင်းမပြုသင့်ပါ။ထို့အစားထင်ရှားသော၊အပြုသဘောဆောင်သောပြောင်းလဲမှုဖော်ဆောင်ရန်နှင့် ဒုက္ခခံစားနေရသည့်လူ့အဖွဲ့အစည်း၏ အသက်များနှင့်သိက္ခာတို့ကို ကာကွယ်စောင့်ရှောက်ရန်အတွက်တညီတညွတ်တည်း ဆောင်ရွက်သင့်ပါသည်။






# အမုန်းတရားလှုံ့ဆော်မှုများ၊ Acehတွင်ရှိသည့် နေရပ်စွန့်ခွာ ရိုဟင်ဂျာများ၏ ဒုက္ခအကြပ်အတည်း

Mahbubul Haque PhD
Faculty of Law and International Relations
University Sultan Zainul Abidin (UNISZA), Malaysia

‘အမုန်းစကား”ကိုဖွင့်ဆိုသည့်တကမ္ဘာလုံးက တညီတညွတ်တည်းသတ်မှတ်ထားသည့်အဓိပ္ပါယ်ဖွင့်ဆိုချက်မရှိပါ။ သို့သော် အမုန်းတရား၏ ကြီးစွာသောအပျက်အစီးဖြစ်စေသည့်သက်ရောက်မှုမှာမူ အခုမှပင်ပေါ်ပေါက်လာသည့် ဖြစ်ရပ်တခုမဟုတ်ပေ။ဆက်သွယ်ရေး နည်းပညာတိုးတက်မှုများကြောင့်အချို့သောသူများသည် မီဒီယာအမျိုးအစားမျိုးစုံကိုအဆက်မပြတ်အသုံးပြုလာကြပြီးလူနည်းစု လူမျိုးနှင့်ဘာသာဝင်များကို ထိခိုက်စေသည့်အမုန်းတရားများ ပြည့်နှက်သောစကားအသုံးအနှုန်းများအား ရေးသားဖြန့်ချီလာကြသည်။ကုလသမဂ္ဂနှင့် အခြားသောဒေသတွင်း ဖိုရမ်များသည်လူ့အခွင့်အရေးကို ကာကွယ်ရန်နှင့်တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်အတွက်အမုန်းတရားအမျိုးမျိုးကို တိုက်ဖျက်ခြင်းများဆောင်ရွက်လာကြသည်။ အမုန်းတရားသည်ခွဲခြားဆက်ဆံခြင်း၊ လူမျိုးခွဲခြားဆက်ဆံခြင်းနှင့်မညီမျှခြင်းတို့နှင့် နီးနီးကပ်ကပ်ချိတ်ဆက်မှုများ ရှိနေပါသည်။ ကိစ္စရပ်တော်တော်များများတွင် ကမ္ဘာတဝှမ်းရှိလူနည်းစုများနှင့် ထိခိုက်လွယ်သော လူများသည် အမုန်းစကား၏မြေစာပင်များဖြစ်ကြရသည်။ထိုသို့သော စိုးရိမ်ဖွယ်ရာအဖြစ်အပျက်များကြောင့် ၂၀၁၉ခုနှစ်၊ဇွန်လ ၁၈ရက်နေ့တွင်ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီရိုဂူတားရက်စ်မှ အမုန်းစကားဆိုင်ရာကုလသမဂ္ဂ မဟာဗျူဟာနှင့်လုပ်ငန်းအစီအစဉ်ကို စတင်ချမှတ်ခဲ့သည်။ (UN, 2020). သို့သော်ထိုသို့ကြိုးပမ်းမှုသည် အမုန်းစကားများကိုရပ်တန့်စေနိုင်ရန်အတွက် မလုံလောက်သေးပေ။ဤဆောင်းပါးသည် ရိုဟင်ဂျာများကြုံတွေ့နေရသည့်အမုန်းတရားအခြေပြုစည်းရုံးလှုံ့ဆော်မှုများနှင့် Aceh တွင်ရှိသည့်နေရပ်စွန့်ခွာရိုဟင်ဂျာများ၏ ဒုက္ခများကိုလေ့လာဖော်ပြရန် ရည်ရွယ်သည်။

အင်ဒိုနီးရှားနိုင်ငံသည်လက်ရှိတွင် နိုင်ငံပေါင်း၅၁နိုင်ငံမှ ဒုက္ခသည်၁၂၈၀၅ဦးကို လက်ခံထားပြီးထိုအနက် လူဦးရေ၁၀၀၀ ဦး (၈%) မှာရိုဟင်ဂျာ ဒုက္ခသည်များဖြစ်ပါသည်။ (UNHCR, 2023) Aceh တွင်ရှိနေသည့်ရိုဟင်ဂျာဒုက္ခသည်များ၏ လက်ရှိအခြေအနေကိုမီဒီယာများတွင် ဖော်ပြပြီးဖြစ်ပါသည်။Aceh ပြည်နယ်သည်ရိုဟင်ဂျာဒုက္ခသည်များကို လူသားချင်းစာနာသည့်အကူအညီများပေးရန် ကြိုးပမ်းခဲ့သည့်ဒေသများအနက် တခုဖြစ်ပါသည်။ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး UNHCR ရှိ အချက်အလက်များအရ၂၀၁၆ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံတွင်ရိုဟင်ဂျာဒုက္ခသည် ၇၉၅ဦးရှိပါသည်။ထိုအခါတွင် အခြေအနေအဆုံးအဖြတ်ပေးရန်စောင့်ဆိုင်းနေသူတနည်းအားဖြင့် ခိုလှုံခွင့်တောင်းခံထားသူများလည်း၂၄၄ဦးရှိပါသည်။ (Reuters, 2023)

မလေးရှားနိုင်ငံတွင် ရိုဟင်ဂျာအသိုင်းအဝိုင်းရှိ လှေစီး၍ခိုဝင်လာကြသည့် ဒုက္ခသည်များနှင့် အလွတ်သဘောဆွေးနွေးကြရာတွင် ၎င်းတို့မှ “ဘယ်ရိုဟင်ဂျာမှ အင်ဒိုနီးရှားနိုင်ငံကို မသွားချင်ကြပါဘူး။ မလေးရှားနိုင်ငံကိုပဲ ဦးစားပေးလာချင်ကြတာပါ။ ရာသီဥတုအခြေအနေမကောင်းတာကြောင့် တကြောင်း၊ပင်လယ်မှာ လမ်းညွှန်သည့်စနစ်မရှိသည်က တကြောင်းကြောင့် လှေများကအင်ဒိုနီးရှားနိုင်ငံပိုင်နက် ကမ်းပေါ်ရောက်လာရတာဖြစ်ပါတယ် ထိုအခြေအနေတွင် ရိုဟင်ဂျာများသည် အင်ဒိုနီးရှားနိုင်ငံတွင်းသို့ ဝင်ရောက်၍မရပါ လို့ပြောပါတယ်။ (မလေးရှားနိုင်ငံ၊ ကူအာလာဘီရမ်၊ တီရန်ဂနူတွင် ၂၀၂၃ခုနှစ်အောက်တိုဘာလတွင် ရိုဟင်ဂျာအသိုင်းအဝိုင်းမှ ဖြေဆိုခဲ့သည့် အင်တာဗျူး) ရိုဟင်ဂျာများသည် ၎င်းတို့အားလုံခြုံစေမည့်စည်းစနစ်တကျဖြစ်သည့် ဥပဒေ ယန္တရားများမရှိသောကြောင့် စော်ကားနှောင့်ယှက်ခံရမှုနှင့် အကျဉ်းချခံရမှုတို့အား ဆက်လက်ကြုံတွေ့ကြရပါသည်။ Aceh တွင်နေထိုင်ရသည့်လူနေမှု အခြေအနေမှာဆင်းရဲလွန်းသော်လည်း သူတို့မှာနိုင်ငံသားမဲ့ဖြစ်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် မြန်မာနိုင်ငံသို့ ပြန်ရန်ငြင်းဆိုကြဆဲဖြစ်ပါသည်။

အင်ဒိုနီးရှားနိုင်ငံတွင်ရိုဟင်ဂျာများအား အကာအကွယ်ပေးခြင်းနှင့်၎င်းတို့နေထိုင်ခွင့်အခြေအနေအပေါ် အဆုံးအဖြတ်ခံယူခြင်း တို့သည်လွယ်ကူသည့်လုပ်ငန်းစဉ်များ မဟုတ်ကြပေ။အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာလာသည့်ရိုဟင်ဂျာတို့၏ ခရီးရှည်သည်၂၀၁၂ခုနှစ် ဗုဒ္ဓဘာသာနှင့်မွတ်စလင်ဘာသာဝင်တို့အကြား အဓိကရုဏ်း၏နောက်ဆက်တွဲအနေဖြင့် စတင်ခဲ့ခြင်းဖြစ်သည်။ဒေသခံအသိုင်းအဝိုင်းနှင့်အစိုးရတို့သည်အတင်းအဓမ္မ နေရပ်စွန့်ခွာစေခြင်းခံရသူရိုဟင်ဂျာများအား ရန်လိုခြင်းမရှိခဲ့ပါ။မြောက်ပိုင်း Acehရှိရိုဟင်ဂျာများ ခိုလှုံရာစခန်းတခုတွင်ယခင် ဒုတိယမြို့တော်ဝန်မူဇာကီ မာနပ်ဖ်မှ “ ရိုဟင်ဂျာများဟာ ကျနော်တို့နဲ့တူပါတယ်။ ကိုးကွယ်တဲ့ဘာသာတူသလိုရုပ်သွင်ပြင်လည်း ကျနော်တို့နဲ့တူပါတယ်၊ ဒါကြောင့်ကျနော်တို့က သူတို့ကိုကာကွယ်စောင့်ရှောက်ကြပါမယ်။ လိုအပ်ရင်မြန်မာပြည်ကို မပြန်ပဲ Aceh မှာပဲ နေနိုင်ပါတယ်။သူတို့လိုအပ်ချက်တွေကို သူတို့ကိုယ်တိုင်ဖြည့်တင်းနိုင်ဖို့လည်း ကျနော်တို့ကစိုက်ပျိုးမြေတွေ ပေးအပ်သွားမှာဖြစ်ပါတယ်” လို့ ပြောခဲ့ပါသည်။ (Novialdi et al., 2020) သို့သော်လည်း Aceh ရှိအခြေအနေသည် ကွာခြားသွားခဲ့ပြီဖြစ်ပါသည်။ ဒေသခံများမှ နှစ်ပေါင်းကြာရှည်စွာ နေရပ်စွန့်ခွာ၍ ထိုဒေသတွင်ခိုလှုံလာကြရသည့် ရိုဟင်ဂျာလူမျိုးများသည် ထိုဒေသတွင်နေထိုင်သည့် ဌာနေလူအသိုင်းအဝိုင်း၏ လူမှု-စီးပွားရေးစနစ်ကို အပြောင်းအလဲဖြစ်စေသည်ဟု ယုံကြည်လာကြပါသည်။ ထိုအပြောင်းအလဲသည် Aceh ဌာနေဒေသခံအသိုင်းအဝိုင်းတွင်းတွင်ဖြစ်စေ၊ ထိုအသိုင်းအဝိုင်းကိုဖြစ်စေ ယဉ်ကျေးမှု၊ လူမှုရေးရေးရာတို့တွင်မကဘဲ စီးပွားရေးအရ ပွတ်တိုက်မှုဖြစ်နိုင်သည်။

Aceh သည် ရှရီယာဥပဒေအခြေပြုထားသည့် ဥပဒေစနစ်ကျင့်သုံးသည့် တခုတည်းသော ပြည်နယ်ဖြစ်ပြီး ယေဘူယျအားဖြင့် ယခင်က ရိုဟင်ဂျာဒုက္ခသည်များအား လက်ခံခဲ့ကြသည်။ ယခုအခါတွင် အစိုးရမှ ရိုဟင်ဂျာများအား နေရာထိုင်ခင်းပေးရန် ကြိုးပမ်းမှုများကို ဆန့်ကျင်လာကြသည့် ဒေသခံများ မြင့်တက်လာလျက်ရှိသည်။ Aceh ပြည်နယ်ဒေသခံ အနည်းငယ်သည် ၎င်းတို့၏ ပြည်နယ်ထဲတွင် ရိုဟင်ဂျာများ ကာလရှည်ကြာစွာနေထိုင်နေခြင်းကို စိတ်ပျက်ညည်းညူကြပါသည်။ တချိန်တည်းမှာပင် မကြာသေးမီက ဖြစ်စဉ်များလည်း ဖြစ်ပွားခဲ့ပြီး ထိုဖြစ်စဉ်များတွင် နေရပ်စွန့်ခွာပြီး ထိုပြည်နယ်တွင်

ခိုလှုံနေရသည့်ရိုဟင်ဂျာများလည်း ပါဝင်ခဲ့ပါသည်။ ၂၀၂၁ နှင့် ၂၀၂၂ ခုနှစ်တို့တွင်ရိုဟင်ဂျာဒုက္ခသည်များအား မည်သည့်နေရာတွင်ထားရှိမည်ဆိုသည့်အပေါ် သဘောထားမတိုက်ဆိုင်ခြင်းများဖြစ်ကြရာရိုဟင်ဂျာများရောက်ရှိလာခြင်းကိုကန့်ကွက်သည့်ဆန္ဒပြပွဲအသေးများဖြစ်ခဲ့သော်လည်းဒေသခံများနှင့် ဆက်တိုက်ဆွေးနွေးခြင်းနှင့်ဆက်ဆံရေးများထားရှိခြင်းတို့ကြောင့်ပြေလည်မှု ရရှိခဲ့ပါသည်။(Ratcliffe & Syakriah, 2024) Aceh ပြည်နယ် Iain Langsa တွင်ရှိသည့် Department of Islamic Political Thought အစ္စလမ်နိုင်ငံရေးအတွေးအခေါ်ဌာန၏ဦးဆောင်သူ ယိုဂီဖေဘရီယန်ဒီ Yogi Febriandi မှ လုံခြုံရေးနှင့်အရင်းအမြစ်များနှင့်ပက်သက်သည့် ဒေသခံများ၏စိုးရိမ်ပူပန်မှုများရှိနေချိန်တွင်ရိုဟင်ဂျာများကို ဆန့်ကျင်သည့်ရန်မူသော ဆန္ဒပြပွဲများကိုလူများက မမြင်ချင်ကြဟုဆိုခဲ့ပါသည်။ ထို့အပြင်၎င်းမှဆက်လက်၍ “ သူတို့ကဂျာကာတာအစိုးရကို Aceh ကိုလာပြီးဒီပြဿနာကို ဖြေရှင်းဖို့အတွက်သတင်းအချက်အလက် ရှင်းရှင်းလင်းလင်းပေးစေချင်တာ၊ဘက်ဂျက်တိတိကျကျ ချပေးစေချင်တာ”လို့ပြောခဲ့ပါသည်။ (Ratcliffe & Syakriah, 2024) ပို၍ပြင်းထန်သောဆန္ဒပြပွဲများ ဖြစ်စေခဲ့သည်မှာလူမှုကွန်ရက်ပေါ်တွင် ရိုဟင်ဂျာဒုက္ခသည်များကိုပစ်မှတ်ထားသည့်သတင်းမှားများကို တချို့အုပ်စုများမှရေးသားဖြန့်ချီနေခြင်းကြောင့်ဖြစ်သည်ဟုဆိုနိုင်သည်။

ရိုဟင်ဂျာများနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့ကို ဆန့်ကျင်သည့် အမုန်းတရား အခြေခံထားသည့်လှုပ်ရှားမှုများဆောင်ရွက်ရာတွင် လူမှုကွန်ရက်အမျိုးအစားများကို အသုံးပြုကြပါသည်။ ထိုသို့သော ရိုဟင်ဂျာများကို ကန့်ကွက်ဆန့်ကျင်သည့် လှုပ်ရှားမှု တော်တော်များများသည် ဒုက္ခသည်များနှင့်ပက်သက်၍ အွန်လိုင်းပေါ်တွင်ရေးသားကြသည့်သတင်းမှားများမှ လည်းကောင်း၊ Aceh တွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးရှိနေခြင်းကို ဆန့်ကျင်သည့်ရည်ရွယ်ချက်ရှိရှိ ပျံ့နှံ့စေသည့် ဝါဒဖြန့်ချီခြင်းမှလည်းကောင်း စတင်ခဲ့ကြခြင်းဖြစ်သည်ဟု လူ့အခွင့်အရေးလေ့လာသူပညာရှင် ဟီရူ စူစေယို Heru Susetyo မှ အွန်လိုင်းစကားဝိုင်းတခုတွင် ပြောကြားခဲ့သည်။ (အွန်လိုင်းအင်တာဗျူး၊ ဇန်နဝါရီလ ၂၀၂၄ ခုနှစ်) ရိုဟင်ဂျာများအား မလိုလားသည့်စိတ်ခံစားမှုသည် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပမည့် ရွေးကောက်ပွဲနှင့်ချိတ်ဆက်မှုရှိနေသည်။ “ပြဿနာတွေအများကြီးဖြစ်စေတဲ့ ထောင်ပေါင်းများစွာသော

ရိုဟင်ဂျာတွေကိုဘာလို့ စောင့်ရှောက်ရမှာလဲ? သူတို့က မကောင်းတဲ့လွှမ်းမိုးမှုတွေဖြစ်စေတယ်။တချို့ရိုဟင်ဂျာတွေက ကိုယ့်အိမ်ထောင်ဖက်မဟုတ်သူတွေနဲ့လည်းလိင်ဆက်ဆံကြတယ်။ မူးယစ်ဆေးဝါးသုံးစွဲကြတယ်။ကျနော်တို့က သူတို့အားလုံးကိုလက်ခံဖို့ ငြင်းဆိုကြရမယ်။ သူတို့ကကျနော်တို့နယ်ကနေ ထွက်သွားရမယ်။ဆာဘန်လူမျိုးတွေကလည်း ခက်ခဲနေကြတာမို့လို့ လူအများကြီးကို ထပ်လက်မခံနိုင်ဘူး”ဟုဆန္ဒပြသူတဦးဖြစ်တဲ့ ဆမ်ဆူဘာရီက Associated Press သတင်းဌာနကိုပြောခဲ့ပါသည်။ (Tahjuddin & Widianto, 2023) အခြားတဖက်တွင်လည်း Aceh တွင်ရှိသည့်ဒေသခံအရာရှိမှ သူတာဝန်ကျရာရွာထဲတွင် ရိုဟင်ဂျာများမှရာဇဝတ်မှုကျူးလွန်ထားခြင်း မရှိပါဟုဆိုခဲ့ပါသည်။ ထိုသို့ ဖြစ်စဉ်ဟူ၍ဒုက္ခသည်များမှဆာလောင်၍ရွာသားများ၏ သစ်ပင်များမှအုန်းသီးများမှ ယူကာစားခဲ့သည်အခါပင် ရှိပါသည်။ထိုဖြစ်စဉ်တွင်လည်း အခင်မင်မပျက်ဘဲပြေလည်မှု ရယူနိုင်ခဲ့ကာထပ်မံဖြစ်ပွားခဲ့ခြင်း မရှိခဲ့ပါ။Ratcliffe & Syakriah, 2024)

ကုလသမဂ္ဂဒုက္ခသည်များအေဂျင်စီမှအချက်အလက်များအရ ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလကတည်းကရိုဟင်ဂျာမွတ်စလင် ၁၅၀၀ဦးကျော် အင်ဒိုနီးရှားနိုင်ငံသို့ရောက်ရှိခဲ့ကာ ထိုအထဲတွင်ယခင်သီတင်းပတ်တွင်းက ရောက်ရှိခဲ့သည့်ဒုက္ခသည်အနည်းဆုံး၃၀၀ဦးပါဝင်သည်။ (Reuters, 2024) အချို့သောဒုက္ခသည်များ ကမ်းကပ်ခြင်းအား Aceh Utara ခရိုင်နှင့်ဆာဘန်ကျွန်းတွင် နေထိုင်သူဒေသခံများမှလက်မခံခဲ့ကြပါ။ အင်ဒိုနီးရှားနိုင်ငံ၏သမ္မတ ဂျိုကိုဝီဒိုဒိုမှ အင်ဒိုနီးရှားအစိုးရသည် ဒုက္ခသည်များအား ယာယီအကူအညီပေးခြင်းများဆောင်ရွက်မည်ဟု ဆိုခဲ့ပါသည်။ “ယခုကတော့ ယာယီအားဖြင့်သူတို့ကိုနေရာပေးထားမှာဖြစ်ပါတယ်။ဒေသခံများက လက်မခံကြတာကြောင့်ကုလသမဂ္ဂမဟာမင်းကြီးရုံးလို အဖွဲ့မျိုးနဲ့စကားပြောနေဆဲ ဖြစ်ပါတယ်” ပြောခဲ့ပါသည်။ (Saifullah & Tarigan, 2023). အချို့ဒေသခံများမှကုလသမဂ္ဂဒုက္ခသည်အေဂျင်စီသည် ရိုဟင်ဂျာများကိုနေရာထိုင်ခင်းပေးခြင်း၊ ထောက်ပံ့ခြင်းများလုပ်သည်ဟု စွပ်စွဲခဲ့ပါသည်။ကုလသမဂ္ဂဒုက္ခသည်အေဂျင်စီမှအရာရှိများမှထိုသည်မှာ နားလည်မှုလွဲခြင်းသာဖြစ်သည်ဟု ဖြေရှင်းခဲ့သည်။(Idrus & Neelakantan, 2023) အချို့သောဆန္ဒပြသူများနှင့် လူမှုကွန်ရက်ကမ်ပိန်းလှုပ်ရှားသူများမှလည်းအပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ IOM နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး UNHCR တို့အားလည်းပစ်မှတ်ထားခဲ့ပါသည်။

အင်ဒိုနီးရှားနိုင်ငံသည်ဒုက္ခသည်များဆိုင်ရာကွန်ဗင်းရှင်းကိုလက်မှတ်ရေးထိုးထားသည့် နိုင်ငံတစ်နိုင်ငံမဟုတ်ပါ။ထို့ကြောင့် အင်ဒိုနီးရှားအစိုးရသည်တိုင်းပြည်ထဲတွင် ဒုက္ခသည်များအဖြစ်လည်းကောင်း၊ခိုလှုံခွင့်လျှောက်ထားသူများအဖြစ်လည်းကောင်းအသိအမှတ်ပြုရန် ဥပဒေအရတာဝန်ဝတ္တရားမရှိပေ။ ထိုအခါတွင်ကုလသမဂ္ဂဒုက္ခသည်အေဂျင်စီမှ လူတဦးချင်းစီသည်ဒုက္ခသည်အဖြစ်သတ်မှတ်ခံရရန် အရည်အချင်းပြည့်မီခြင်းရှိမရှိ စီစစ်ရသည့် တာဝန်ရှိလာပြီးပြန်လည်နေရာချထားရေးအပါအဝင် အဘက်ဘက်ကပြည့်စုံသောဖြေရှင်းနည်းများကိုရှာဖွေဖော်ထုတ်ကြရပါသည်။ ထိုသူတို့မှစောင့်ဆိုင်းနေရသည့်အချိန်တွင်ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့မှ တိုင်းပြည်အတွင်းဒုက္ခသည်များအား ဘဝနေထိုင်ရေး လိုအပ်ချက်များကူညီထောက်ပံ့ခြင်းဖြင့် ကွက်လပ်ဖြည့်ပါသည်။ဥပဒေကြောင်းအရ အဟန့်အတားများရှိသော်လည်းအင်ဒိုနီးရှားသည် ပြီးခဲ့သည့်ဆယ်စုနှစ် ၄စုအတွင်းတွင်ထောင်ပေါင်းများစွာသော ဒုက္ခသည်များအားလက်ခံခဲ့သည်။ တရားမဝင်ရေယာဉ်များဖြင့်ဝင်ရောက်လာခဲ့သည့်ခရီးရှည်များသည်အသက်ပင် ဆုံးရှုံးစေနိုင်သောအန္တရာယ်များပြည့်နှက်နေကာ လွန်ခဲ့ပြီးသောနှစ်များတွင် ရာချီသောလူဦးရေသည်ခရီးရှည်အတွင်းပင် အသက်ဆုံးရှုံးခဲ့ကြရသည်။

ကုလသမဂ္ဂဒုက္ခသည်အေဂျင်စီအစီရင်ခံစာအရယခုနှစ် ဇန်နဝါရီလမှစ၍ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံမှမလေးရှားသို့ ထွက်ခွာလာသည့်အလွန်အန္တရာယ်များသော ခရီးရှည်အတွင်းတွင်အနည်းဆုံး ရိုဟင်ဂျာဒုက္ခသည်အများစုပါဝင်သည့်ဒုက္ခသည် အနည်းဆုံး၁၆၁ ဦးသည်သေဆုံးကြရ (သို့) ပျောက်ဆုံးကြရသည်။ (Rahman, 2022) ရိုဟင်ဂျာဒုက္ခသည်အရေးပြဿနာနှင့်စပ်လျဉ်း၍ Aceh ဒေသတွင်မူ ရှုပ်ထွေးလှပါသည်။မကြာသေးမီကပင် ဒုက္ခသည်အသိုင်းအဝိုင်းကိုဒေသခံများမှ ကြိုဆိုခဲ့ကြသည်။ယခုတွင်မူ တချို့သောဒေသခံများသည် ဒုက္ခသည်များရှိနေခြင်းကိုရန်မူလိုလာကြသည်။ ရိုဟင်ဂျာများရာပေါင်းများစွာ သယ်ဆောင်လာသည့်လှေများသည် အစာရေစာမရှိဘဲပင်လယ်တွင် ရက်သတ္တပတ်ပေါင်းများစွာဖြတ်ခဲ့ပြီး၊ လှေပေါ်ပါလာသည့်လူဆယ်ချီသေဆုံးပြီးနောက်တွင် အင်ဒိုနီးရှားနိုင်ငံ Aceh တွင် ကမ်းကပ်ခဲ့ပါသည်။ရိုဟင်ဂျာများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိဒုက္ခသည်စခန်းများတွင် တဖြည်းဖြည်းပို၍တင်းကြပ်လာသည့် ကန့်သတ်ချက်များနှင့်မျှော်လင့်ချက်မဲ့မှုတို့မှ ရုန်းထွက်ရန်သော်လည်းကောင်း မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်အနောက်ခြမ်းတွင်အဆုံးမသတ်သေးသည့် ဖိနှိပ်မှုများနှင့်အကြမ်းဖက်မှုတို့မှ လွတ်မြောက်ရန်သော်လည်းကောင်းထိုသို့အန္တရာယ်များလွန်းသည့်ခရီးရှည်များကို ထွက်ခဲ့ခြင်းဖြစ်သည်။လူ့အခွင့်အရေးစောင့်ကြည့်သည့်အဖွဲ့များမှာအင်ဒိုနီးရှားနိုင်ငံတွင် ရိုဟင်ဂျာများကိုပစ်မှတ်ထားသည့် အမုန်းတရားအခြေခံသည့်လှုပ်ရှားမှုများကို ပြင်းပြင်းထန်ထန်ဝေဖန်ကြသည်။ လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့ Human Rights Watch၏အကြီးတန်းအရာရှိ ဖီလ်ရော့ဘတ်ဆန် Phil Robertson မှ " အစိုးရအနေနဲ့ ရိုဟင်ဂျာများရောက်ရှိလာခြင်းများကိုပစ်မှတ်ထားကာ အကြမ်းဖက်မှုများကိုလှုံ့ဆော်သည့် အွန်လိုင်းလှုပ်ရှားမှုများကိုဆောင်ရွက်ကြသည့် လူများကိုရှာဖွေဖော်ထုတ်ပြီး တာဝန်ခံမှုရှိစေရပါမယ်။အင်ဒိုနီးရှားအစိုးရက ရိုဟင်ဂျာလှေစီးဒုက္ခသည်များကိုကမ်းပေါ်သို့ချက်ချင်းခေါ်ဆောင်လာပြီးစောင့်ရှောက်ရမှာဖြစ်ပြီး ပြန်လွှတ်ပြီးပင်လယ်ထဲတွင် အသက်ဆုံးရှုံးစေခြင်းသို့ ရိုဟင်ဂျာများအားမုန်းတီးသည့် လူအုပ်စုများမှတိုက်ခိုက်ခံရခြင်းတို့ မဖြစ်စေရန်ဆောင်ရွက်ပေးရမည်"ဟုဆိုခဲ့သည်။ (Human Rights Watch, 2024) Acehတွင်ရိုဟင်ဂျင်မွတ်စလင်များအား မုန်းတီးခြင်းများကိုတုံ့ပြန်ရန်အတွက် လူ့အခွင့်အရေးအဖွဲ့အစည်းများမှအင်ဒိုနီးရှားနိုင်ငံတဝှမ်းတွင် တိုက်တွန်းနှိုးဆော်ခြင်းလုပ်ငန်းများနှင့်နိုင်ငံသားမဟုတ်သူများ၏ အခွင့်အရေးများအားသိမြင်စေရန် အမြင်ဖွင့်သင်တန်းများအားဆောင်ရွက်လာကြသည်။

**REFERENCES**


**Human Rights Watch. (2024). Indonesia: Protect Newly Arrived Rohingya Refugees. Retrieved from https://www.hrw.org/news/2024/01/16/indonesia-protect-newly-arrived-rohingya-refugees**

**Idrus, P., G., & Neelakantan, S. (2023). Crowd Of Indonesians Storms Rohingya Shelter Demanding Refugees Be Deported. Benar News. Retrieved from https://www.benarnews.org/english/news/indonesian/indonesia-crowd-storms-rohingya-shelter-12272023135901.html**

**Novialdi, R., Bariah, C., & Zahraini. (2020). The Failure of Providing Human Security for Rohingya Refugees (Case Study: Escaping Rohingya Refugees from Shelter in SKB Bireuen, Aceh Province). Retrieved from https://ijpss.unram.ac.id/index.php/ijpss/article/download/39/15**

**Rahman, S., A. (2022). Disabled Boat with Dozens of Starving Rohingya Refugees Spotted off Indonesia. VOA News. Retrieved from https://www.voanews.com/a/disabled-boat-with-dozens-of-starving-rohingya-refugees-spotted-off-indonesia/6886835.html**

**Ratcliffe, R., & Syakriah, A, (2024). The Online Hate Campaign Turning Indonesians Against Rohingya Refugees. The Guardian. Retrieved from https://www.theguardian.com/world/2024/jan/18/the-online-hate-campaign-turning-indonesians-against-rohingya-refugees**

**Reuters. (2023). Hundreds more Rohingya refugees arrive in Indonesia's Aceh. Retrieved from https://www.reuters.com/world/asia-pacific/hundreds-more-rohingya-refugees-arrive-indonesias-aceh-2023-11-19/**

**Reuters. (2024). More Than 140 Rohingya Arrive in Indonesia's North Sumatra. Retrieved from https://www.reuters.com/world/asia-pacific/more-than-140-rohingya-arrive-indonesias-north-sumatra-2024-01-01/#:~:text=More%20than%201%2C500%20Rohingya%20have,citizenship%20and%20subjected%20to%20abuse.**

**Saifullah, R., & Tarigan, E. (2023). Rohingya Muslims In Indonesia Struggle to Find Shelter. President Says Government Will Help for Now. AP News. Retrieved from https://apnews.com/article/indonesia-aceh-rohingya-muslims-refugees-unhcr-myanmar-201822385f58483290159f2346cdf510**

**Tahjuddin, H., & Widianto, S. (2023). Rohingya Face Rejection in Indonesia After Surge of Boat Arrivals. Retrieved from https://www.reuters.com/world/asia-pacific/rohingya-face-rejection-indonesia-after-surge-boat-arrivals-2023-12-11/**

**United Nations. (2020). United Nations Strategy and Plan of Action on Hate Speech. Office on Genocide prevention and The Responsibility to Protect. Retrieved from https://www.un.org/en/genocideprevention/hate-speech-strategy.shtml#:~:text=In%20response%20to%20current%20alarming,of%20Action%20on%20Hate%20Speech.**

**United Nations High Commissioner for Refugees (UNHCR). (2023). Recent Developments Concerning Rohingya Refugees in Aceh, Indonesia. UNHCR Indonesia. Retrieved from https://www.unhcr.org/id/en/16523-recent-developments-concerning-rohingya-refugees-in-aceh-indonesia.html#:~:text=Indonesia%20currently%20hosts%2012%2C805%20refugees,all%20countries%20in%20the%20region.**

## တပ်မတော်၏ကျူးလွန်မှုကြောင့် ရိုဟင်ဂျာများ၏ နေရာများ ဖျက်ဆီးခံရ၊ ကပ်ဘေးသဖွယ်ဆိုးရွားသည့် လူသေနှုန်းများဖြစ်လာနိုင်သည့် စိုးရိမ်ဖွယ်ရာရှိ

ဇန်နဝါရီလ ၂၅ရက်နေ့တွင် အပျက်အစီးအများအပြားဖြစ်စေသည့်စစ်တပ်၏ကျူးလွန်မှုအတွင်း မြန်မာစစ်တပ်သည်ဘူးသီးတောင်မြို့နယ်ရှိ ရွာတစ်ရွာဖြစ်သည့်ဖွေမလီကျေးရွာတွင် လက်နက်ကြီးများပစ်ခတ်ခဲ့ရာ ရိုဟင်ဂျာလူများအများအပြား သေဆုံးခဲ့ရပြီးအခြားအပျက်အစီးများစွာ ဖြစ်ခဲ့ရသည်။မျက်မြင်သက်သေများ၏ ပြောကြားချက်အရတပ်မတော်သည် ရက္ခိုင့်တပ်တော် (အေအေ) ၏စခန်းများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်ဆိုသော်လည်းထိုပစ်ခတ်မှုကြောင့် လူအများအပြားသေကြေပျက်စီးခဲ့ရပြီး အသက်ရှင်ကျန်ရစ်သူများမှာလည်းထပ်မံပစ်ခတ်ခံရမည်ကို ကြောက်ရွံ့သောကြောင့်နေအိမ်စွန့်ခွာ ပြေးခဲ့ကြရပါသည်။

ထိုပစ်ခတ်တိုက်ခိုက်မှုကြောင့်တပ်မတော်နှင့် ရက္ခိုင့်တပ်တော် (အေအေ) တို့အကြားတင်းမာမှုပိုမိုမြင့်တက်လာကာ နှစ်ဖက်စလုံးမှရိုဟင်ဂျာရွာခံများအား အဓမ္မခေါ်ဆောင်ခြင်းများဆောင်ရွက်လာကြသည်ဟု သိရှိရသည်။ဆက်သွယ်ရေးလိုင်းများဖြတ်တောက်ထားခြင်းကြောင့်ထိုသို့ခေါ်ဆောင်ခြင်းခံခဲ့ရသည့်ရွာသားများ၏ လက်ရှိရောက်ရှိနေသည့်နေရာကိုမသိရကာ ၎င်းတို့၏လုံခြုံရေးနှင့် ကြောက်ခမန်းလိလိများပြားလာသည့် လူသေခြင်းနှင့်ပက်သက်၍စိုးရိမ်ပူပန်မှုများ ပိုမိုမြင့်တက်လာပါသည်။

တပ်မတော်၏လက်နက်ကြီးပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည့်အရေအတွက်မှာ များပြားသည်ဟုဖော်ပြကာ ထိုအခြေအနေနှင့်နီးစပ်သည့်သတင်းရင်းမြစ်များမှ စိုးရိမ်မှုများကိုဖွင့်ဟလာကြသည်။ပြောက်ကြားတိုက်ခိုက်မှုများကြောင့်အဆုံးအရှုံးများခဲ့သည့် ထိုစစ်တပ်မှာဝေဟင်မှလေကြောင်းတိုက်ခတ်မှုများနှင့်အဝေးပစ်လက်နက်ကြီးများအား အဓိကအသုံးပြုလာကြရာရမ်းသမ်းပစ်ခတ်ခံရမှုများ ဖြစ်လာပါသည်။ထိုသို့သော နည်းလမ်းများသည် အမျိုးသမီးနှင့်ကလေးငယ်များအပါအဝင်အပြစ်မရှိသည့် အရပ်သားများသည်လုံခြုံနေရမည့် မိမိတို့၏နေအိမ်များထဲတွင်ပင် သေကြေပျက်စီးရမှုများကြုံကြရသည်။

## ရက္ခိုင့်တပ်တော် (AA) ကိုတိုက်ခိုက်ရာတွင် တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိ၍ ရိုဟင်ဂျာများ ဖမ်းဆီးခံရ

ရက္ခိုင့်တပ်တော်(AA)နှင့်ဖြစ်ပွားနေသည့်တိုက်ပွဲတွင် တပ်မတော်ကိုအားဖြည့်ကူပေးခြင်းမရှိသောကြောင့်ရိုဟင်ဂျာဦးရေ ၁၀၀ကျော်အား တပ်မတော်မှဖမ်းဆီးခဲ့ပါသည်။ ရိုဟင်ဂျာများအားလုံခြုံရေးတပ်သားများအဖြစ် ခန့်အပ်ရန်ကြိုးပမ်းကြသော်လည်းရိုဟင်ဂျာအသိုင်းအဝိုင်းမှာ စိတ်ပါဝင်စားခြင်းမပြုပေ။

ထိုသို့ ဖြစ်ရခြင်း၏နောက်ခံအကြောင်းအရင်းမှာ မောင်တော၊ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်များတွင်ခန့်မှန်းခြေအရ ရိုဟင်ဂျာဦးရေ၂၅၀၀၀၏ အသက်များဆုံးရှုံးခဲ့ရကာ အသက်ရှင်ကျန်ရစ်သူများမှအိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်ခိုလှုံလာရသည့် အခြားအကြပ်အတည်းများထက်ပင်ပိုမိုဆိုးရွားသည့် ဒုက္ခသည်အကြပ်အတည်းကိုဖြစ်စေသည့် တပ်မတော်၏လူမျိုးတုံးသတ်ဖြတ်ရန် လှုပ်ရှားမှုဖြစ်သည်။

မကြာသေးမီကတပ်မတော်သည် ရခိုင်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင်ရက္ခိုင့်တပ်တော်နှင့် ၎င်း၏မဟာမိတ်တပ်ဖွဲ့များကို အရေးနိမ့်ခဲ့ကာကြီးစွာသော ဆုံးရှုံးမှုများကြုံခဲ့ရသည်။ တုံ့ပြန်သည့်အနေဖြင့်ရက္ခိုင့်တပ်တော်(AA)ကိုတိုက်ခိုက်ရန်အတွက် ပြည်တွင်းရှိနေရပ်စွန့်ခွာနေရသည့် ရိုဟင်ဂျာများအားစစ်တပ်ထဲသို့ဝင်ရောက်စေရန်စဉ်းစားလာကြသည်။ထိုမဟာဗျူဟာမှာ ယခင်ရက်စက်ကြမ်းကြုတ်မှုများမှဖြစ်ပေါ်လာသည့် နက်နက်ရှိုင်းရှိုင်းအမြစ်တွယ်နေသာမယုံကြည်မှုများကြောင့် အောင်မြင်ဖွယ်ရာနည်းပါးသည်။

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏အဆင့်မြင့်ရဲတပ်ဖွဲ့မှအာဆာအဖွဲ့နှင့်ဆက်စပ်မှုရှိသည့် ဂိုဏ်းအဖွဲ့ဝင် ၃ဦးအားဒုက္ခသည်စခန်းနားတွင် ဖမ်းဆီး

Rapid Action Battalion (RAB) ဟုခေါ်သည့်ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အဆင့်မြင့်ရဲတပ်ဖွဲ့မှတက်ဖ်နပ်ဖ်ဒေသတွင်ရှိသည့် ဒုက္ခသည်စခန်းအမှတ်၂၀အနီးတွင် အာဆာအဖွဲ့နှင့်ဆက်စပ်မှုရှိသည့် လူ၃ဦးအား အောင်မြင်စွာဖမ်းဆီးခဲ့ပါသည်။ထို စစ်ဆင်ရေးအတွင်းတွင် လက်နက်များနှင့်ဖောက်ခွဲရေးပစ္စည်းအများအပြားအားသိမ်းဆည်းရမိခဲ့သည်။ ထိုသို့ဖမ်းဆီးမှုများ ဖြစ်ခဲ့သော်လည်းသံသယရှိသူအများအပြားမှာ ထိုဒေသကထွက်ခွာခဲ့ပြီး RAB၏ ဖမ်းဆီးခြင်းမှလွတ်မြောက်ခဲ့သည်။

ဖမ်းဆီးခံထားရသူ၃ဦးမှာ အိုစမန်၊နီဆာ၊နှင့် အီမန်ဟိုစိန်တို့ ဖြစ်ပြီး အာဆာအဖွဲ့နှင့်အဖွဲ့ခေါင်းဆောင်အတ္တာ အူလာနှင့် ဆက်စပ်နေကာ အိုစမန်ခေါင်းဆောင်လျက် လှုပ်ရှားနေသည့်ဂိုဏ်း၏အဖွဲ့ဝင်များဖြစ်သည်။ အစီရင်ခံစာများအရထိုဂိုဏ်းမှာ အူလာ၏ခေါင်းဆောင်မှုအောက်တွင်ရှိသည့် ဂိုဏ်းပေါင်း၁၀ကျော်အနက် တစ်ဂိုဏ်းဖြစ်ကာအခြားသော ရိုဟင်ဂျာများအား ပစ်မှတ်ထားသည့် အကြမ်းဖက်ရာဇဝတ်မှုများဆက်တိုက်ကျူးလွန်ခြင်းရှိသည်။

ထိုဒေသမှာလူမျိုးတုံးသတ်ဖြတ်မှုနှင့် ပိုမိုဆိုးရွာလာသည့်ဒုက္ခသည်အကြပ်အတည်းတို့၏ နောက်ဆက်တွဲကိုခံစားရကာ တရားဥပဒေကင်းမဲ့သည့်နေရာတစ်နေရာဖြစ်လာပါသည်။ များသောအားဖြင့်အာဆာအဖွဲ့နှင့် ဆက်စပ်မှုရှိနေသည့်ဂိုဏ်း များသည် ထိုနေရာဒေသနှင့်ထိုဒေသ၏ လူနေထူထပ်သောဒုက္ခသည်စခန်းများနှင့် နီးကပ်နေမှုအားအသုံးချလျက်ရှိကာ ပြန် ပေးဆွဲခြင်းနှင့်နှိပ်စက်ခြင်းနေရာများတည်ဆောက်ကာ တရားဥပဒေစိုးမိုးရေးကြိုးပမ်းမှုများအားပျက်ပြားစေပါသည်။

## အာဆာအဖွဲ့မှဘာလုခါလီရှိ ရိုဟင်ဂျာအသိုင်းအဝိုင်းခေါင်းဆောင်အား သတ်ဖြတ်

အာဆာအဖွဲ့နှင့်ဆက်စပ်နေသည့် လူပုဂ္ဂိုလ်များမှစီစဥ်သည်ဟု ယူဆရသည့်ဖြစ်စဥ်တစ်ရပ်တွင် ထင်ရှားသည့်ရိုဟင်ဂျာ အသိုင်းအဝိုင်းခေါင်းဆောင်ကာရင် အူလာသည် ရက်စက်စွာသတ်ဖြတ်ခြင်း ခံခဲ့ရပါသည်။အသက် ၃၇နှစ်အရွယ်ရှိပြီဖြစ်သ ည့်ကာရင်မှာ လူအများလေးစားခြင်းခံရသည့်မာဂျီ (စခန်းခေါင်းဆောင်) ဖြစ်ခဲ့ဖူးသူဖြစ်ပြီး ထင်ရှားသည့်ဒေသခံတဦးဖြစ် ကာ ဇန်နဝါရီလ၁၂ရက်နေ့ ညရနာရီ ၂၀မိနစ်တွင်ဘာလုခါလီရှိ သူ၏နေအိမ်မှမျက်နှာဖုံးစွပ်ထားသူများ၏ ဖမ်းဆီးခေါ် ဆောင်ခြင်းကိုခံခဲ့ရပါသည်။ အာဆာအဖွဲ့၏ကြောက်လန့်ဖွယ်ရာ ရက်စက်မှုအမှတ်အသားဖြစ်သည့်လည်ပင်းဖြတ်ရှဒဏ်ရာ ဖြင့် သူ၏အသက်မဲ့နေသည့်ခန္ဓာကိုယ်အား တွေ့ရှိခဲ့ပါသည်။

ဘာလုခါလီသည်အာဆာအဖွဲ့၏ ကျန်ရှိနေသေးသည့်ခံတပ်အဖြစ် အချိန်ကြာမြင့်စွာအသိအမှတ်ပြုခံရသည်။ ထိုအဖွဲ့သည် ရိုဟင်ဂျာရာပေါင်းများစွာ၏ အသက်များဆုံးရှုံးခဲ့ရသည့်၂၀၁၇ခုနှစ် လူမျိုးတုံးသတ်ဖြတ်မှုဖြစ်ပြီးကတည်းကပင်ဒုက္ခသည် စခန်းများအပေါ်တွင် ခြိမ်းခြောက်လွှမ်းမိုးလျက်ရှိသည်။ ကနဦးတွင်အာဆာအဖွဲ့သည် တပ်မတော်အား “ဆန့်ကျင်တော် လှန်” ယောင်ဆောင်ခဲ့သောကြောင့်ရိုဟင်ဂျာများအကြား အားပေးထောက်ခံမှုရရှိခဲ့ပါသည်။သို့သော်လည်း ထိုအဖွဲ့မှအချိန် တိုတခုထက်ကျော်လွန်၍ စစ်ဆင်ရေးများဆက်လက်ဆင်နွဲနိုင်ခြင်းမရှိသောကြောင့် ရိုဟင်ဂျာ၂၅၀၀၀ ကျော်သေဆုံးခဲ့ရသ ည့်၂၀၁၇ လူမျိုးတုံးသတ်ဖြတ်ခြင်းကိုကာကွယ်ပြောဆိုနိုင်စေရန် တပ်မတော်မှအကွက်ချစီစဥ်ထားသည့်အစီအစဥ်ထဲတွင် ပူးပေါင်းပါဝင်ခဲ့သည်ဟုသံသယများဖြစ်စေခဲ့သည်။

၂၀၁၇နှောင်းပိုင်းမှစ၍ ထိုအဖွဲ့၏ဒုက္ခသည်စခန်းများအပေါ်ထိန်းချုပ်ထားမှုတွင်စဥ်ဆက်မပြတ် အနှောင့်အယှက်ဖြစ်စေ ခြင်းနှင့်အကြမ်းဖက်မှုတို့ ပါဝင်သည်။၂၀၂၂ခုနှစ်နှောင်းပိုင်းတွင် DGFI အဆင့်မြင့်အရာရှိတပ်ရင်းမှူးဖြစ်သည့် ရစ်ဒ်ဝန်ရက် ရှ်ဒီးRidwan Rushdee အား လုပ်ကြံသတ်ဖြတ်ခံမှုတွင်ထိုအဖွဲ့ပါဝင်ပက်သက်မှုရှိခဲ့သည့်နောက်ပိုင်းတွင်ဘင်္ဂလားဒေ့ရှ် အစိုးရ အာဏာပိုင်များမှအာဆာအဖွဲ့အပေါ် နှိမ်နင်းခြင်းများပိုမိုပြင်းထန်လာခဲ့သည်။ မကြာသေးမီကဖြစ်ခဲ့သည့်ဖြစ်စဥ် တွင်အာဆာအဖွဲ့မှ အကြမ်းဖက်မှုများဆက်လက်ကျူးလွန်နေမှုကို သိသာစေသည်။ထိုမှ ရိုဟင်ဂျာအသိုင်းအဝိုင်းအား အကာအကွယ်ပေးရန် လုံခြုံရေးအစီအမံများမြှင့်တင် ချထားပေးရန်နှင့် ဒုက္ခသည်စခန်းများတွင်အာဆာ၏ သြဇာအာဏာ သက်ရောက်မှုအကြွင်းအကျန်များကို ရှင်းထုတ်ရန်အရေးတကြီးလိုအပ်နေခြင်းကို မီးမောင်းထိုးပြပါသည်။

# ကူတူပလောင်တွင်ရှိသည့်အိမ်ခြေရာကျော် မီးလောင်ပျက်စီး လူထောင်ချီအိုးမဲ့အိမ်မဲ့ဖြစ်ရ

ကူတူပလောင်ရှိစခန်းနံပါတ် ၅တွင်တောက်လောင်ခဲ့သည့် ငရဲမီးပမာတဟုန်းဟုန်းတောက်သော မီးတွင်အိမ်ခြေ ထောင်ကျော်ပျက်စီးခဲ့ရကာဒုက္ခသည်ပေါင်း ၉၀၀၀ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပါသည်။ ထိုသို့ဘေးအန္တရာယ်ကြီး ကျရောက်သော်လည်းလူသေကြေပျက်စီးဆုံးရှုံးခဲ့ခြင်းမရှိခဲ့ပါ။

ထိုဖြစ်စဉ်သည်ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အထွေထွေရွေးကောက်ပွဲများမတိုင်ခင်နေ့နှင့်တိုက်ဆိုင်နေသောကြောင့် မသမာမှုများပါဝင်နေနိုင်ခြင်းရှိသည်ဟု သံသယများကနဦးပေါ်ထွက်ခဲ့ပါသည်။သို့သော် ဆက်လက်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာတွင်ကမ္ဘာ၏ အကြီးမားဆုံးဒုက္ခသည်စခန်းအဖြစ် လက်ရှိအသိအမှတ်ပြုခံထားရသည့်လူနေထူထပ်လွန်းသော စခန်းတွင်မီးလောင်မှုများတွင်တွေ့ကြုံရလေ့ရှိသည့် မတော်တဆမှုမှဖြစ်ခဲ့ရသည်ဟု ယူဆနိုင်ဟန်ပိုရှိပါသည်။

ထိုဖြစ်စဉ်သည်မတော်တဆမှုမှစတင်ခဲ့သည်ဟု ယူဆရသော်လည်းယခင်မီးလောင်မှုများမှာ ရည်ရွယ်ချက်ရှိရှိဖြင့်မီးရှို့ခြင်းဖြစ်ခဲ့ရာ အပြစ်ကင်းသည့်ဒုက္ခသည်လူများအပေါ်ကြီးမားသည့် အခက်အခဲများ ဖြစ်စေခဲ့သည်။ဇန်နဝါရီလတွင် ဒေသခံများမှအိမ်များအား မီးရှို့ရန်ကြံစည်နေသည့်လူတဦးအား ဖမ်းဆီးခဲ့ရာထိုသူသည် အာဆာအဖွဲ့နှင့်ပက်သက်မှုရှိသည်ဟုဝန်ခံခဲ့သည်။ ထိုဖြစ်စဉ်များဖြစ်ခဲ့ပြီးနောက်ဖြစ်လာနိုင်ခြေရှိသည့် မီးရှို့မှုများစုံစမ်းဖော်ထုတ်ခြင်းများ ရှိလာသည်။

အလျင်အမြန်တုံ့ပြန်သည့်အားဖြင့်ဒေသတွင်းရှိမီးသတ်တပ်ဖွဲ့သည် ချက်ချင်းလှုပ်ရှားကြပြီးနှစ်နာရီအတွင်းတွင်ပင် မီးတောက်များကိုငြိမ်းသတ်နိုင်ခဲ့သည်။ ထိုသို့အသက်ဆုံးရှုံးခြင်းမရှိဘဲ မီးကိုအောင်မြင်စွာ ငြိမ်းသတ်နိုင်ခဲ့ခြင်းမှာစခန်းအတွင်း မီးအန္တရာယ်ဆိုင်ရာအစမ်းလေ့ကျင့်ခြင်းများ ပုံမှန်လုပ်ဆောင်ကြ၍ဖြစ်ရာထိုသို့လူမှုလုပ်သည့် ဘေးအန္တရာယ်ကိုရှောင်ကြဉ်နိုင်စေရန်အတွက် ကြိုတင်ပြင်ဆင်ခြင်း၏အရေးပါပုံကို သိသာစေသည်။
သို့သော်လည်းစခန်းများအတွင်းတွင် အိမ်များများပြားစွာ ကျပ်ညပ်၍တည်ရှိနေခြင်းကြောင့် မီးလောင်လျှင်မီးအလျင်အမြန်ပျံ့နှံ့နိုင်သည့် အန္တရာယ်ရှိပါသည်။အာဆာအဖွဲ့သည် စခန်း၏နေရာများတွင် မီးရှို့ခြင်းများဆောင်ရွက်ရန်အစီအစဉ်များ အကွက်ချစီစဉ်နေသည်ဟုအစီရင်ခံစာများမှ ဖော်ပြထားခြင်းများရှိသည်။ ထို့ကြောင့်သတိကြီးစွာထားကာ လုံခြုံရေးအစီအမံများကို ချမှတ်ရန်နှင့်ဘေးအန္တရာယ်လျှော့ချခြင်းများ ဆောင်ရွက်ရန်လိုအပ်ပါသည်။



# *ARNO* သတင်းထုတ်ပြန်ချက်

# အမှတ် ၅ ဒုက္ခသည်စခန်းတွင်း ဇန်နဝါရီ ၇ရက်နေ့တွင် လောင်ကျွမ်းခဲ့သောမီးကြောင့် မီးဘေးသင့်ခဲ့ရသူများအတွက် အထောက်အပံ့များ လိုအပ်နေ

**08 ဇန်နဝါရီ 2024**

အာရကန်ရိုဟင်ဂျာအမျိုးသားအဖွဲ့ချုပ် (ARNO) မှ စခန်း အမှတ် ၅တွင် ခေတ္တနေထိုင်ရာ အိမ်ခြေများဆုံးရှုံးခဲ့ရသော ကျွန်ုပ်တို့၏ ညီအကိုမောင်နှမများနှင့် ထပ်တူကြေကွဲဝမ်းနည်းရပါကြောင်း ပြောကြားလိုပါသည်။ ၁၂နာရီ ၄၅မိနစ်တွင် စခန်း အမှတ် ၅တွင် မီးစလောင်ခဲ့ပါသည်။ ထိုမီးသည် ခန့်မှန်းခြေအရ အိမ်ခြေ ၂၂၄အိမ်၊ ကျောင်း၊သင်တန်းနေရာ ၁၂ ဆောင်အား မီးလောင်ပျက်စီးစေခဲ့ပါသည်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး UNHCR မှ ထိုမီးလောင်မှုကြောင့် လူပေါင်း ၇၀၀၀ အိုးမဲ့အိမ်မဲ့ဖြစ်ရသည်ဟု ခန့်မှန်းထားပါသည်။

စခန်းတာဝန်ခံအရာရှိ၊ စေတနာ့ဝန်ထမ်းမီးသတ်သမားများ၊ မီးသတ်ဌာနနှင့် အရပ်သားကာကွယ်ရေးဌာန၊ APBn ကိုယ်စားလှယ်များ၏ လျင်မြန်သည့်တုံ့ ပြန်မှုကြောင့် ညနေ ၄နာရီအချိန်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကာ လူအသေအပျောက်မရှိခဲ့ပါ။

ယနေ့မနက်တွင် အိမ်ခြေမဲ့သွားသည့် ဒုက္ခသည်များနှင့် အတူ အဖွဲ့အစည်းများ စတင်လုပ်ငန်း ဆောင်ရွက်လာကြပြီဖြစ်ကြောင်း အစီရင်ခံတင်ပြလာပါသည်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ World Food Programme သည် ယခင် ရိုဟင်ဂျာစခန်းများ မီးလောင်ရာတွင် ပြုလုပ်ခဲ့သည့် အတိုင်း စခန်းမှလူများအတွက် ယနေ့တွင် ရိက္ခာအစားအစာများ စတင်ဖြန့်ဝေပေးခဲ့သည်။

ARNO မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ တာဝန်ရှိသူများအား ထိုမီးစလောင်သည့် အကြောင်းအရင်းကို သိစေရန်စုံစမ်းစစ်ဆေးစေလိုပါသည်။ ARNO အနေဖြင့် ထိုသို့ မီးလောင်မှုများသည် ၂၀၂၁ခုနှစ် ကတည်းကပင် ပုံမှန်ဖြစ်နေကျဖြစ်ရပ်များ ဖြစ်ပြီး မနှစ်က လူပေါင်း ၁၂၀၀၀ ကျော်သည် အိုးမဲ့အိမ်မဲ့ဖြစ်ရကာ အိမ်ခြေ ၂၈၀၀ မီးလောင်ပျက်စီးခဲ့ရပြီး ဆေးရုံ၊ ကျောင်းသင်တန်းစသည့် အဆောက်အဦး ၉၀ ကျော်လည်း ပျက်စီးခဲ့ရသည်ဟု သိရပါသည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့တဖွဲ့မှ ထိုမီးလောင်ခြင်းများမှာ "စီစဉ်ထားသည့် အဖျက်အမှောင့်လုပ်ငန်း" ဟု ဆိုခဲ့ပါသည်။

ပို၍သိရှိလိုပါက
Dr. Mohammad Habib Ullah
Email: arno@rohingya.org/ info@rohingya.org မှတဆင့် ဆက်သွယ်နိုင်ပါသည်။




“ARNO မှ စခန်းအမှတ် ၅အတွင်းတွင်ဖြစ်ပွားခဲ့သည့် ဆိုးရွားသည့်မီးလောင်မှု ၏ သက်ရောက်မှုခံစားရသူများနှင့် မိသားစုများအားကိုယ်ချင်းစာဝမ်းနည်းကြောင်း ဖော်ပြအပ်ပြီး၊ဤသို့သောကြီးမာသည့်ဆုံးရှုံးမှုများနှင့် ပြန်လည်ထူထောင်ရေးများဆောင်ရွက်နေချိန်တွင် ထိုအသိုင်းအဝိုင်း၏ဘက်မှ ရပ်တည်နေမည် ဖြစ်ကြောင်း ပြောကြားလိုပါသည်။”

# *ARNO* သတင်းထုတ်ပြန်ချက်

## ARNO မှ အမုန်းစကားနှင့် သတင်းမှားဖြန့်ခြင်းတို့အား ရပ်တန့်နိုင်မည့် ပူးပေါင်းလုပ်ဆောင်ကြိုးပမ်းမှုများကို တောင်းဆို

**05 ဇန်နဝါရီ 2024**

၂၀၂၃ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးရက်သတ္တပတ်တွင် ဆန္ဒပြကျောင်းသားများသည် လှေဖြင့် မကြာသေးမီက ရောက်လာသည့် ရိုဟင်ဂျာများအတွက် နေခွင့်ပေးထားသည့် နေရာသို့ ဒေါနှင့်မောနှင့် ရောက်ရှိလာသည်ဟူသည့် အင်ဒိုနီးရှားနိုင်ငံ Aceh ဒေသမှ စိတ်ညည်းညူဖွယ်ရာ သတင်းများ ပေါ်ထွက်လာခဲ့ပါသည်။ ထိုဆန္ဒပြကျောင်းသားများသည် ရိုဟင်ဂျာများကို "နှင်ထုတ်" ခဲ့ပါသည်။ ရိုဟင်ဂျာဒုက္ခသည်များသည် " ရပ်ရွာများတွင် လူမှုရေးနှင့်စီးပွားရေး ကမောက်ကမဖြစ်ခြင်း" ဖြစ်နိုင်သောကြောင့် ရိုဟင်ဂျာများအား လက်မခံရန် ကျောင်းသားများသည် အင်ဒိုနီးရှားအစိုးရအား တောင်းဆိုခဲ့ကြသည်ဟု အာရကန်ရိုဟင်ဂျာအမျိုးသားအဖွဲ့ချုပ် ARNO မှ နားလည်ပါသည်။ ထိုထုတ်ဖော်ပြောကြားချက်များသည် မမှန်ကန်၊ သက်သေအထောက်အထားလည်း ခိုင်ခိုင်လုံလုံမရှိပါဘဲနှင့် လာမည့် ရွေးကောက်ပွဲကာလများ၏ ရလာဒ်အဖြင့် အာရှနိုင်ငံများ၏ သတင်းမီဒီယာများတွင် ဖော်ပြခံရခြင်းဆက်လက်ရှိနေသည်။

နှစ်သစ်မကူးခင်တွင် ထိုဖြစ်ရပ်ဖြစ်ပျက်ခဲ့သည်ဖြစ်ရာ အင်ဒိုနီးရှားနိုင်ငံရေတပ်သည် ဒုက္ခသည်များအား တင်ဆောင်လာသောလှေအား လမ်း တွင် ဖမ်းဆီးစစ်ဆေး၍ Aceh သို့မရောက်စေရန် လက်မခံဘဲ ပြန်လွှတ်ခဲ့ကြသည်။ ယနေ့အချိန်အထိ ထိုလှေသည် မည်သည့်နေရာတွင် ရှိနေကြောင်းကို သတင်းအစအန မရရှိပါ။

အင်ဒိုနီးရှားနိုင်ငံတွင် ရောက်ရှိလာသည့် ရိုဟင်ဂျာဒုက္ခသည်များအား နေရာပေးထားရန် ဆက်လက်ကြိုးပမ်းနေခြင်းများအတွက် ARNO အနေဖြင့် အင်ဒိုနီးရှားအစိုးရအား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါသည်။ အင်ဒိုနီးရှားနိုင်ငံသည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ ကွန်ဗင်းရှင်းအား လက်မှတ်ရေးထိုးထားခြင်း မရှိသော်လည်း အင်ဒိုနီးရှား၏ လုပ်ဆောင်ချက်များသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ သဘောတရားအပေါ် အခြေခံသည်ဟု ARNO မှ နားလည်ထားပါသည်။

ရိုဟင်ဂျာများအားလှေများပေါ်သို့ တင်ဆောင်ကာ ကယ်တင်မှုခံရရန် ရေလယ်ခေါင်တွင် စွန့်ပစ်ထားခဲ့ခြင်းဖြင့် အန္တရာယ်ကျရောက်စေသည့် လူကုန်ကူးသူများနှင့် လူမှောင်ခိုသွင်းသူများကို အင်ဒိုနီးရှား နိုင်ငံ အစိုးရမှ ဖမ်းဆီးရန် ကြိုးပမ်းနေမှုများကို ARNO မှ အားပေးထောက်ခံပါသည်။ ရိုဟင်ဂျာတို့၏ ဘဝများကို ဆက်လက်၍မဖျက်ဆီးနိုင်စေရန် လူကုန်ကူးသည့် လမ်းကြောင်းများနှင့် လူကုန်ကူးမှု ကျူးလွန်သူများကို ရပ်တန့်ပေးရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် အခြား အာဆီယံ နိုင်ငံများနှင့် ပူးပေါင်းရန် ARNOမှ တောင်းဆိုသည်။

လက်ရှိဆောင်ရွက်နေသည့် ပရိုဂရမ်များနှင့် လိုက်လျောညီထွေမှုရှိစွာဖြင့် လူမျိုးတုံးသတ်ဖြတ်မှုအား ကာကွယ်ခြင်းဆိုင်ရာ ကုလသမဂ္ဂအတွေးရေးမှူးချုပ်၏ အထူးအကြံပေး ရုံးသည် အမုန်းစကားများနှင့် သတင်းမှားဖြန့်ချီခြင်း တို့အား ရပ်တန့်ရန် ရည်ရွယ်သည့် လှုပ်ရှားမှုများ ကို ညှိနှိုင်းဆောင်ရွက်ရန် ARNOမှ တောင်းဆိုသည်။

ပို၍သိရှိလိုပါက
Dr. Mohammad Habib Ullah
Email: arno@rohingya.org/ info@rohingya.org မှတဆင့် ဆက်သွယ်နိုင်ပါသည်။



# ARNO အကြောင်း

အာရကန်ရိုဟင်ဂျာအမျိုးသားအဖွဲ့ချုပ် (ARNO) သည် ၁၉၉၈ ခုနှစ်တွင် ‘ရိုဟင်ဂျာစည်းလုံးမှု”ကို မြှင့်တင်ရန် သန္နိဋ္ဌာန်ဖြင့်လည်းကောင်း၊ ရိုဟင်ဂျာများ၏ မျှော်လင့်ချက်များနှင့် ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်အတွက်လည်းကောင်း ရိုဟင်ဂျာများအရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သည်။

**www.rohingya.org**

ပို၍သိရှိလိုပါက
Dr. Mohammad Habib Ullah
Email: arno@rohingya.org/
info@rohingya.org မှတဆင့် ဆက်သွယ်နိုင်ပါသည်။